# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

**December 17 , 2025** **Volume 97 , Number 13**


| ၁၇-၁၂-၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၈.၁၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၄.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၀.၄၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၉.၃၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၈.၀၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၃.၆၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၆၇ ကျပ် |

## အီးယူသို့ ဆန်တင်ပို့ရန် စာချုပ်များ ချုပ်ပြီးဖြစ်



အီးယူနိုင်ငံတွေကို မြန်မာ့ဆန်တွေ တင်ပို့ရောင်းချဖို့ စာချုပ်တွေချုပ်ဆိုထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းကနေ သိရပါတယ်။

6.22 mmအရှည်အစားပေါင်းဆန်အသွယ်နဲ့ ၅ မှတ်ဆန်ဖြူတွေကို လာမဲ့နှစ် ဇန်နဝါရီလမှာ အီးယူဈေးကွက်ကို တင်ပို့သွားမယ်လို့ အသင်းဥက္ကဋ္ဌ ဦးခင်မြင့်ကပြောပါတယ်။

"အထွက်ကောင်း အသွယ်ညှော့မထတွေကို နွေစပါးအတွက်ယုံယုံကြည်ကြည်နဲ့ စိုက်ပျိုးကြပါ" လို့ ၎င်းက တိုက်တွန်းထားပါတယ်။

ဆန်အဝယ် တစ်နှစ်ပိတ်ထားတဲ့ ဖိလစ်ပိုင်နိုင်ငံကလည်း လာမဲ့ ဇန်နဝါရီလမှ စတင်ပြီး ဆန်တင်သွင်းမှုအခွန် ၂၀ ရာခိုင်နှုန်း ပေးသွင်းကာ ဆန်တင်ပို့တဲ့ နိုင်ငံတွေကနေ တန်ချိန် ၃ သန်း ဝယ်ယူသွားမယ်လို့ အတည်ပြုထားပါတယ်။

ဆန်တင်သွင်းသူတစ်ဦးစီအတွက် တင်သွင်းမှုပမာဏကို ခွဲဝေပေးဖို့ အဆိုပြုချက်ကို ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနနဲ့ ဆန်တင်သွင်းသူတွေအကြား ထပ်မံဆွေးနွေးသွားဖို့ ရှိပါတယ်။

လက်ရှိမှာ ဗီယက်နမ်က စုစုပေါင်းတင်သွင်းမှုရဲ့ ၅၀ ရာခိုင်နှုန်းအထိ ဝေစုရရှိထားပြီး ဖိလစ်ပိုင်အစိုးရက ဝေစုကို ၄၀ ရာခိုင်နှုန်းအထိ ကန့်သတ်ဖို့ အဆိုပြုထားပါတယ်။

လက်ရှိမှာ တရုတ်နိုင်ငံက သုခနဲ့ ကရင်မဆန် အမျိုးအစားတွေကိုသာ ဝယ်ယူနေပြီး နွေစပါးအဖြစ် ထွက်ရှိလာမဲ့ ညှော့မထအသွယ် စပါးတွေကို ရောင်းချမဲ့ တောင်သူကြီးများအတွက် ဈေးကွက်တွေ ရရှိလာတာလို့လည်း အသင်းဥက္ကဋ္ဌ ဦးခင်မြင့်က ဆိုပါတယ်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ပြီးခဲ့တဲ့ နိုဝင်ဘာလမှာ ၅ မှတ်နဲ့ ၁၀ မှတ်ဆန်ကို တန်ချိန် ၈၁,၄၄၁ တန်နဲ့ ပေါင်းဆန် ကိုတော့ ၃,၄၀၃ တန် တင်ပို့နိုင်ခဲ့တာကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က ထုတ်ပြန်တဲ့ အချက်အလက်တွေအရ သိရပါတယ်။

**Source : BETV Business**

## မြန်မာ-ဘရူနိုင်း ကုန်သွယ်မှုတိုးမြှင့်ရေး ဆွေးနွေး



မြန်မာ-ဘရူနိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေး အပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမဲ့ နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ကိစ္စရပ်တွေကို ဆွေးနွေးခဲ့တယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနက သိရပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေဟာ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းသံအမတ်ကြီး ဟာဂျီမိုဟာမက်ဆာရစ်ပူဒင်ဘင်မက်ဆရူဒင်ကို ဒီဇင်ဘာလ ၁၆ ရက် ကနေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာနမှာ လက်ခံတွေ့ဆုံချိန် အခုလို ထည့်သွင်းဆွေးနွေးခဲ့တာပါ။

တွေ့ဆုံစဉ် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနတွေအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေမဲ့ကိစ္စတွေ၊ နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်မဲ့ကိစ္စ၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ အလုပ်သမားကဏ္ဍအပါအဝင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမဲ့ နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်တွေကို ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/business

## ဈေးရောင်းပွဲတော် ပထမရက်တွင် စားဆီပိဿာချိန် ၄၀၀၀ ခန့်ရောင်းချ



ရန်ကုန်မြို့မှာ ပြုလုပ်နေတဲ့ ပြည်တွင်းဆီစက်များဈေးရောင်းပွဲတော်စတင်တဲ့ ပထမရက်မှာ မြေပဲဆီ၊ နှမ်းဆီနဲ့နေကြာဆီ စုစုပေါင်း ပိဿာချိန် ၄၀၀၀ လောက်ရောင်းချခဲ့ရတယ်လို့ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းက သိရပါတယ်။

ပြည်တွင်းဆီစက်များဈေးရောင်းပွဲတော် ဒီဇင်ဘာလ ၁၅ ရက်ကနေ ၁၈ ရက်အထိ ရန်ကုန်မြို့လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုအသင်းချုပ်ရှေ့နဲ့ ရန်ကင်းမြို့နယ် ရန်ရှင်းလမ်းတွေမှာ ရောင်းချနေတာပါ။ ပြည်တွင်းကုန်ထုတ်မှုကိုအားပေးဖို့ ၊ စားသုံးသူတွေအနေနဲ့ ကျန်းမာရေးအတွက်အထောက်အကူပြုတဲ့ ပြည်တွင်းကထုတ်တဲ့ မပြည့်ဝဆီတွေကို ပိုမိုစားသုံးနိုင်ဖို့နဲ့ စားသုံးဆီကို ပြည်တွင်းမှာ အစားထိုးထုတ်လုပ်နိုင်တယ်ဆိုတဲ့ သရုပ်ကိုပြသချင်တဲ့ရည်ရွယ်ချက်နဲ့ အခုလို ဈေးရောင်းပွဲတော်တွေ ပြုလုပ်ရောင်းချပေးနေတာဖြစ်တယ်လို့ မြန်မာနိုင်ငံဆီ စက်ပိုင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြောပါတယ်။

ဈေးရောင်းပွဲတော်စတင်တဲ့ ပထမနေ့ဖြစ်တဲ့ ဒီဇင်ဘာ ၁၅ ရက်မှာ ဝယ်သူနည်းပြီး ၁၆ ရက်မှာတော့ ပထမနေ့ထက် ဝယ်သူပိုများတယ်လို့ သိရပါတယ်။

ပြည်တွင်းဆီစက်များဈေးရောင်းပွဲတော်မှာ မြေပဲဆီတစ်ပိဿာ ကျပ် ၁၆၀,၀၀ ၊ နှမ်းဆီတစ်ပိဿာ ကျပ် ၁၅၀,၀၀ နဲ့ နေကြာဆီတစ်ပိဿာ ကျပ် ၂၂၅,၀၀ နဲ့ ရောင်းချပေးနေတယ်လို့ သိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ လူဦးရေအများဆုံးရှိတဲ့ တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြေပဲဆီကို အများဆုံး စားသုံးတာကြောင့် ရန်ကုန်ဈေးကွက်ကို အဓိကဦးတည်ရောင်းချနေတာဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းက နှစ်စဉ် ဧပြီ၊ အောက်တိုဘာနဲ့ဒီဇင်ဘာလတွေမှာ ဈေးရောင်းပွဲတော်တွေ ပြုလုပ်ရောင်းချနေပြီး အသေးစားအလတ်စားစီးပွားရေးလုပ်ငန်း(MSME) ထုတ်ကုန်ပြပွဲတွေမှာ ဝင်ရောက်ရောင်းချနေတယ်လို့ သိရပါတယ်။

Source : https://onenewstvchannel.com/business

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၈-၁၂-၂၀၂၅ မှ ၁၂-၁၂-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၇၃၆,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၃,၀၄၆,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၅၄၈,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၅၄,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop)ကျပ် ၄၄,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၉၈,၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၇၅ လုံး (တန်ချိန် ၁၈၀၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC(2024 Crop) ကွန်တိန်နာ ၁၅၀လုံး (တန်ချိန် ၃၆၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၇၅ လုံး (တန်ချိန် ၁၈၀၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရော်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၉၅၀၀၊ မြားနီ ကျပ် ၁၀,၅၀၀ ၊ ပျော်ဘွယ်မိုးထောင် ကျပ် ၁၄၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၃၂၀၀၀ နှင့် မြစ်ဝပု ကျပ် ၃၀,၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၁၀၅၀ (၂၁,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၃၀၀ (၂၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ် ထက် ငရုတ်ရှည် အိတ်ပေါင်း ၂၅၀ (၅,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၅၀၀ နှင့် မန်ကျည်းအသား (သစ်) ကျပ် ၁၀၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်း ဈေးများငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား (တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင် (ဒုံး) ကျပ် ၆၃၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၆၄၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၇၅၀၀၊ ကြံသကာ ကျပ် ၄၆၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၁၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာ နှင့် သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၈-၁၂-၂၀၂၅ မှ ၁၂-၁၂-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၈၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၃၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၇၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၃၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၉၀၀၊ မုံရွာလတ်ကြီး ကျပ် ၁၃၀၀၊ မုံရွာလတ်သန့် ကျပ် ၇၀၀ နှင့် မုံရွာလတ်ချော ကျပ် ၃၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၄၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၀၀ ၊မုံရွာလတ်ကြီး ကျပ် ၁၀၀ ၊ မုံရွာလတ်သန့် ကျပ် ၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၀ စီး (၆၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၅ စီး (၆၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၅ စီး(၃၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြက်သွန်ဖြူ(ကြူကုတ်) ကျပ် ၁၇၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၃၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၃၀၀၀ (၉၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူ အိတ်၂၂၀၀ (၆၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၈၀၀ (၂၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့ နှင့် တရုတ်မှ အာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း OK ကျပ် ၃၃၀၀၊ အောင်ပန်း S1 ကျပ် ၃၆၀၀၊ အောင်ပန်း S2 ကျပ် ၅၃၀၀ နှင့် တရုတ်အာလူး ကျပ် ၅၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း OK ကျပ် ၄၀၀၊ အောင်ပန်း S1 ကျပ် ၆၀၀၊ နှင့် တရုတ်အာလူး ကျပ် ၃၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး အောင်ပန်း S2 ကျပ် ၆၀၀ ဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်ကကားစီးရေ ၂၉ စီး (၁၇၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် ကားစီးရေ ၂၃ စီး(၁၃၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သော ကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၆ စီး (၃၆,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## နိုင်ငံတကာသို့ ပျားရည်တင်ပို့ရောင်းချနေသည့် ကုမ္ပဏီ ၃ ခုထက်မနည်း လုပ်ငန်းရပ်ဆိုင်းခဲ့ရ




စီးပွားရေးတွက်ခြေမကိုက်မှုကြောင့် နိုင်ငံတကာသို့ ပျားရည်တင်ပို့ရောင်းချနေသည့်ကုမ္ပဏီ ၃ ခုထက် မနည်းလုပ်ငန်းများ ရပ်ဆိုင်းသွားကြောင်း ပျားမွေးမြူရေးလုပ်ငန်းရှင်များထံက သိရပါတယ်။

ပျားရည်ထုတ်လုပ်မှုကျဆင်းခြင်းနှင့် ပြည်တွင်းသယ်ယူပို့ဆောင်ရေးစရိတ်များအဆမတန်မြင့်တက်ကာ ကုန်ကျစရိတ်မြင့်မားနေသော်လည်း ပြည်ပပျားရည်ဈေးနှုန်းများ အတက်အကျမရှိတည်ငြိမ်နေခြင်းကြောင့် စီးပွားရေးတွက်ခြေမကိုက်မှုများရှိလာခြင်းဖြစ်ပါတယ်။

"အစစအရာရာဈေးတက်နေတဲ့အပြင်ပျားရည်ထုတ်လုပ်မှုကပါနည်းလာတဲ့အခါကျတော့ ဒုက္ခရောက်တော့တာပေါ့။ export ဈေးကွက်ကငြိမ်နေတော့ ကုန်ကျစရိတ်တွေနဲ့ဆိုရင် အရှုံးတောင်ပေါ်မှာဆိုတော့ ရပ်ပစ်လိုက်ကြတာပေါ့" ဟု ပျားမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးကဆိုပါတယ်။

ပျားရည်ဈေးကွက်မှာ ပြည်တွင်းဈေးကွက်အနည်းငယ်သာရှိပြီး အများစုမှာ ပြည်ပဈေးကွက်ကိုသာ အားထားခဲ့ရကြောင်း သိရပါတယ်။

လက်ရှိအချိန်တွင် ပြည်တွင်းပျားရည်ဈေးကွက်အတွင်း တစ်ပိဿာလျှင်ငွေကျပ် ၁၃,၀၀၀ ဝန်းကျင်ရှိသော်လည်း ဝယ်လိုအားနည်းပါးမှုကြောင့် ပျားမွေးမြူသူများအနေဖြင့်ခက်ခဲမှုများရှိနေကြောင်း ပျားလုပ်ငန်းရှင်များက ဆိုပါတယ်။

Source: https://opinionleadersmedia.com/

## အာရှသည် ဗီယက်နမ်၏ အကြီးဆုံးလယ်ယာပို့ကုန်ဈေးကွက်ဖြစ်လာ

အာရှသည် ဗီယက်နမ်၏ စိုက်ပျိုးရေးပို့ကုန်များအတွက် အကြီးဆုံးဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေပြီး ကော်ဖီ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ သီဟိုဠ်စေ့နှင့် ငရုတ်ကောင်းစသည့် ကုန်စည်များတင်ပို့မှုသည် ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်းအမြင့်ဆုံးစံချိန်တင်နိုင်ခဲ့ကြောင်းစိုက်ပျိုးရေးနှင့်ပတ်ဝန်းကျင်ဝန်ကြီးဌာနကထုတ်ပြန်ချက်အရသိရသည်။

စာရင်းများအရ ဗီယက်နမ်၏စိုက်ပျိုးရေး၊ သစ်တောနှင့်ရေထွက်ပစ္စည်းပို့ကုန်များသည် အဆိုပါကာလအတွင်း အမေရိကန်ဒေါ်လာ၆၄ဒသမ ၀၁ ဘီလီယံခန့်ရရှိခဲ့ပြီးယခင်နှစ်အလားတူကာလထက် ၁၂ ဒသမ ၆ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။

အာရှသည် နိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုး ၏ ၄၅ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း၊ အမေရိကသို့တင်ပို့မှု ၂၂ ဒသမ ၈ ရာခိုင်နှုန်း၊ ဥရောပသို့ တင်ပို့မှု ၁၃ ဒသမ ၄ ရာခိုင်နှုန်းအသီးသီးရှိကြောင်း သိရသည်။

အာဖရိကနှင့် သမုဒ္ဒရာဒေသများသည် ၂ ဒသမ၈ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၄ ရာခိုင်နှုန်းအသီးသီးရှိကြောင်း ရေးသား ဖော်ပြထားသည်။

အာရှသည် ဗီယက်နမ်၏ အဓိကပို့ကုန်ဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေရခြင်း၏ အဓိကအကြောင်းရင်းများထဲမှ တစ်ခုမှာ တရုတ်နိုင်ငံသည် ဗီယက်နမ်လယ်ယာထွက်ကုန်များ၏ အများဆုံးဝယ်ယူသူဖြစ်ပြီး စုစုပေါင်းစိုက်ပျိုးရေးပို့ကုန်၏ ၂၂ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ပြီးခဲ့သည့် ၁၁ လအတွင်း တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ယခင်နှစ်ထက် ၁၄ ဒသမ၈ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း၊ အမေရိကန်သို့တင်ပို့မှုမှာ ၆ ဒသမ၁ ရာခိုင်နှုန်းသာ မြင့်တက်လာခဲ့ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်(RCEP)၊ အာဆီယံ-တရုတ်လွတ်လပ်သောကုန်သွယ်ရေးဇုန် (ACFTA)၊ ပစိဖိတ်နယ်စပ်ဖြတ်ကျော်သဘောတူညီချက် (CPTPP)နှင့် အခြားအာဆီယံသဘောတူညီချက်များအပါအဝင် အာရှတစ်ဝှမ်းရှိ ကျယ်ပြန့်သော လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များမှ (FTAs)မှ ဗီယက်နမ်ကုန်စည်များ ဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် အကျိုးကျေးဇူးများစွာရရှိစေခြင်းဖြစ်သည်။

အမေရိကန်ကဲ့သို့သော FTA နည်းပါးသောနိုင်ငံများထက် ဗီယက်နမ်ထုတ်ကုန်များသည် အာရှဈေးကွက်များသို့ ဝင်ရောက်ရန် ပိုမိုလွယ်ကူစေကြောင်း ဖော်ပြထားသည်။

ထို့ပြင် အာရှနိုင်ငံများစွာသည် ဗီယက်နမ်နှင့်အလားတူ စားသောက်ကုန်များဖြစ်သည့် ဆန်၊ ငါးတန်၊ ပုစွန်၊ သီဟိုဠ်စေ့နှင့် ငရုတ်ကောင်းတို့ကိုစားသုံးကြကြောင်း၊ ဗီယက်နမ်ကုန်ပစ္စည်းကိုဒေသတွင်းစားသုံးသူများက ပိုမိုလက်ခံစားသုံးလာကြောင်း ဖော်ပြထားသည်။

**Source: https://wtocenter.vn/an-pham/29166-asia-is-viet-nams-biggest-farm-export-market**

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)**

## ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သည့် ဗင်ဖတ်စ်ကားသည် နိုဝင်ဘာလအတွင်း ရောင်းအားစံချိန်တင်ခဲ့

ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သည့် ဗင်ဖတ်စ်ကားသည် နိုဝင်ဘာလအတွင်း လျှပ်စစ်ကားစီးရေ (EVs) ၂၃,၁၈၆ စီးတင်ပို့ရောင်းချခဲ့ကြောင်း၊ နှစ်စမှ လစဉ်ရောင်းအားစံချိန်တင်ခဲ့ပြီး ကားစီးရေ ၁၄၇,၄၅၀ စီးရောင်းချခဲ့ကာ ဈေးကွက်ဦးဆောင်မှုနေရာတွင် ရပ်တည်လျက်ရှိကြောင်း ဒီဇင်ဘာ ၁၀ ရက်နေ့ ထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့တင်ပို့ရောင်းချနိုင်မှုသည် ကုမ္ပဏီ၏ခိုင်မာသော စီးပွားရေးစွမ်းဆောင်ရည်ကို ပြသနိုင်ရုံမျှမက ဗီယက်နမ်နိုင်ငံ၏ ဓာတ်ဆီကားသုံးစွဲမှုမှ လျှပ်စစ်ကားသုံးစွဲမှုသို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းမှုကိုလည်း ပေါ်လွင်စေကြောင်း ဖော်ပြထားသည်။

နိုဝင်ဘာလစံချိန်တင်ရောင်းအား၏ အဓိကမောင်းနှင်အားမှာ Green Line လျှပ်စစ်ကားများဖြစ်ကြောင်း၊ ဗင်ဖတ်စ်(Limo Green)မော်ဒယ်တစ်ခုတည်းအတွက် ယူနစ် ၉,၆၄၂ စီးတင်ပို့ခဲ့ရောင်းချနိုင်ခဲ့ပြီး လစဉ်ရောင်းအားအမြင့်ဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုင်ခုံခုနှစ်ခုံပါသည့်MPVသည်၎င်း၏ကျယ်ဝန်းပြီးဘက်စုံသုံးနိုင်သောအတွင်းခန်း၊တည်ငြိမ်သောစွမ်းဆောင်ရည်၊ ဆွဲဆောင်မှုရှိသော လည်ပတ်စရိတ်များနှင့် ဓာတ်ဆီမှ လျှပ်စစ်သို့ ပြောင်းလဲနိုင်သည့်အတွက် အလျင်အမြန်ရေပန်းစားလာခဲ့သည်။

စတင်ရောင်းချပြီး လေးလအကြာတွင် Limo Green သည် ယူနစ် ၁၆,၁၇၆ စီးရောင်းချရပြီး နိုင်ငံ၏ အရောင်းရဆုံး ထိုင်ခုံခုနစ်ခုံပါ MPV ဖြစ်လာခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

အခြားမော်ဒယ်ကားများသည်လည်း နိုဝင်ဘာတွင် ရလဒ်ကောင်းများရရှိခဲ့ပြီး VF 3(၄,၆၅၅ ယူနစ်)၊ VF 5(၃,၀၇၂ ယူနစ်)၊ VF 6(၂,၈၀၁ ယူနစ်)နှင့် VF 7(၁,၂၂၅ ယူနစ်)ရောင်းချခဲ့ရကြောင်း၊ ယခုနှစ်အစမှစ၍ VF 3 သည် ဗီယက်နမ်၏ အရောင်းရဆုံးကားအဖြစ် ၄၀,၆၆၀ ယူနစ်ဖြင့် ဆက်လက်ရပ်တည်လျက်ရှိကြောင်း၊ VF 5 သည် ၃၈,၄၇၈ ယူနစ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိကြောင်း၊ အဆိုပါရောင်းအားကိန်းဂဏန်းများတွင် သီးသန့်အသုံးပြုသည့် Herio Green ယာဉ် ၁၂,၃၅၄ စီး ယူနစ်ပါ ဝင်ခြင်းမရှိကြောင်း ဖော်ပြထားသည်။

B-SUV အမျိုးအစားတွင် VF 6 သည် ယူနစ် ၁၉,၇၅၀ ဖြင့်ဈေးကွက်ကို ဦးဆောင်ခဲ့ပြီး VF 7၊ VF 8 နှင့် VF9 တို့သည်လည်း C-SUV၊ D-SUV နှင့် E-SUV အမျိုးအစားတွင် အရောင်းရဆုံးမော်ဒယ်များထဲတွင် ပါဝင်ခဲ့ပြီး ယူနစ် ၈,၂၉၂၊ ၃,၁၇၂ နှင့် ၁,၇၅၅ အသီးသီးရောင်းချခဲ့ရကြောင်း ဖော်ပြထားသည်။

ရောင်းအားမြင့်တက်လာခြင်းနှင့်အတူဗင်ဖတ်စ်သည်၎င်း၏ ဝန်ဆောင်မှုကွန်ရက်ကို ဆက်လက်တိုးလျက်ရှိသည်။ နိုဝင်ဘာလတွင် ကုမ္ပဏီ သည် ၎င်း၏ ၃၅၀ မြောက် ပြုပြင်ထိန်းသိမ်းသည့် အလုပ်ရုံကို ဖွင့်လှစ်ခဲ့ပြီး နှစ်ကုန်တွင် ၄၀၀ ထိဖွင့်လှစ်နိုင်ရန် မျှော်မှန်းထားကြောင်း၊ ဗီယက်နမ်တွင် မော်တော်ယာဉ်အကြီးဆုံးထုတ်လုပ်သူဖြစ်သကဲ့သို့ ဝန်ဆောင်မှုစင်တာအများဆုံး ရှိသောကားကုမ္ပဏီအဖြစ် ခိုင်မာစွာရပ်တည်လျက်ရှိကြောင်း ဖော်ပြထားသည်။

ဒီဇင်ဘာလတွင် ဗင်ဖတ်စ်သည် mini EC Van နှင့် လေးယောက်စီး Minio Green တို့ကို စတင်တင်ပို့ရောင်းချမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ၎င်းသည် ဗီယက်နမ်၏ အလျင်အမြန်ကြီးထွားလာသော EV ဈေးကွက်တွင် ဗင်ဖတ်စ်တည်ရှိမှုကို မြှင့်တင်ရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**Source: Vietnam plus**

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)**

# STOCK EXCHANGE (17.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 17th Dec. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,384 (Shares) | 25,628,550 (MMK) |

### Stock trading

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,600 | 8,600 | 8,500 | 104 | 884,400 | 33,109,694 | 281,432 |
| MTSH | 00002 | 3,600 | +100 | +2.86% | 3,600 | 3,600 | 3,600 | 3,575 | 12,870,000 | 38,929,150 | 140,145 |
| MCB | 00003 | 7,800 | -500 | -6.02% | 8,300 | 8,300 | 7,800 | 2 | 16,100 | 10,400,986 | 81,128 |
| FPB | 00004 | 2,400 | -100 | -4.00% | 2,450 | 2,450 | 2,400 | 1,623 | 3,905,300 | 29,664,613 | 71,195 |
| TMH | 00005 | 3,100 | +100 | +3.33% | 3,100 | 3,100 | 3,100 | 70 | 217,000 | 12,823,224 | 39,752 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 1,004 | 1,606,600 | 19,977,223 | 32,962 |
| AMATA | 00007 | 3,800 | +50 | +1.33% | 3,800 | 3,800 | 3,800 | 9 | 34,200 | 10,497,598 | 39,891 |
| MAEX | 00008 | 3,050 | +0 | +0.00% | 3,100 | 3,100 | 3,050 | 1,997 | 6,094,950 | 23,804,946 | 72,605 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)


Home > Main Board > Market Data > Market summary


## Market summary

As of 17th Dec. 2025

### Today's summary

| Index name | Close | Change | %Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.46 | -1.31 | -0.32% | 408.39 | 408.39 | 401.93 | 8,384 | 25,628,550 | 8 | 759,110 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 17th Dec. 2025

| Trading Volume | Trading Value |
|---|---|
| 9,199 (Shares) | 35,669,100 (MMK) |

### Main Board

As of 1:00 pm, 17th Dec. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,384 (Shares) | 25,628,550 (MMK) |

| MYANPIX | 402.46 ▼ 1.31 |
|---|---|
| Total Volume (shares) | 8,384 |
| Total Value (MMK) | 26 mil |
| Listed Company | 8 |
| Market Cap. (MMK) | 759,110 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,600 | ▲ 100 |
| MCB | 00003 | 7,800 | ▼ 500 |
| FPB | 00004 | 2,400 | ▼ 100 |
| TMH | 00005 | 3,100 | ▲ 100 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,800 | ▲ 50 |
| MAEX | 00008 | 3,050 | ▲ 0 |